ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ စနေနေ့ (2-4-2011) (၆၇၂၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း သတ်မှတ်ကြေညာ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၁/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း

၁။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့ ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင် ယင်းတို့၏ ရွေးကောက်ပွဲ **စာမျက်နှာ ၃ကော်လံ ၁ သို့**

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ပေါ်ထွက်လာသည့် အစိုးရသစ်၏ ဦးဆောင်မှုကို အလေးအနက်ခံယူ

ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက် အခြေခံဥပဒေကို ကာကွယ်ထိန်းသိမ်းရေးအတွက် မီဒီယာနည်းဖြင့် ကြိုးပမ်း

နေပြည်တော် ဧပြီ ၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်(၂၀)ပြည့်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရဝန်ထမ်းများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နှစ်(၂၀) ပြည့်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရေကစား မဏ္ဍပ်များ၊ ပျော်ပြေရေး မဏ္ဍပ်များ စည်းကမ်းချက်များနှင့် အညီ သတ်မှတ်ထားသော ခွင့်ပြုချက် ရရှိပြီးမှသာ ဆောင်ရွက်ရမည်။

(သတင်း)စာမျက်နှာ-၃

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် အမြို့မြို့ အနယ်နယ်တွင် စာကြည့်တိုက်ဖွင့်။

(သတင်း)စာမျက်နှာ-၇

အင်ဒိုနီးရှား နိုင်ငံ၌ ရေလွှမ်းမိုး၊ ထိုင်းနိုင်ငံ တောင်ပိုင်းတွင် ရေကြီး။

(သတင်း)စာမျက်နှာ-၄

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၂-၄-၂၀၁၁
(စနေနေ့)

လွတ်လပ်မှု၊ တာဝန်သိမှုနှင့် စည်းကမ်းရှိမှု ကျင့်သုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားကို မတ် ၃၁ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ခန်းမဆောင်ကြီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား သိရှိထားသင့်သည့် သဘောထားများ၊ လိုက်နာသင့်သည့် မူဝါဒများနှင့် စပ်လျဉ်း၍ မိန့်ခွန်းမြွက်ကြားသည်။

ယင်းသို့မိန့်ခွန်းမြွက်ကြားရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **"အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့အတွက် စီမံခန့်ခွဲမှုကောင်းဖို့ လိုပါတယ်။ အုပ်ချုပ်မှုကောင်းဖို့လိုပါတယ်။ ပြည်သူတွေအပေါ် စေတနာထားရပါမယ်။ ပြည်သူရဲ့အကျိုးစီးပွားကို အကာအကွယ်ပေးရပါမယ်။ ပြည်သူကို အလုပ်အကျွေးပြုကြရမှာ ဖြစ်ပါတယ်။ သန့်ရှင်းတဲ့ အစိုးရဖြစ်ဖို့အတွက်ကတော့ အဂတိတရားကင်းရှင်းဖို့ လိုအပ်ပါတယ်။ လာဘ်ပေးလာဘ်ယူခြင်းဟာ တိုင်းပြည်နဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်းကြောင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတာဝန်ယူရတဲ့ အဖွဲ့အစည်းအားလည်းကောင်း ကင်းကင်းရှင်းရှင်းရှိအောင် ထိန်းကျောင်းကြပ်မတ်သွားကြဖို့ လိုအပ်ပါတယ်"** ဟူ၍ ပြောကြားသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး အစပြုပြီ။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေးသည် အရေးကြီးသည်။ နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ် ရင့်ကျက်ဖွံ့ဖြိုးလာရေး ကြိုးပမ်းတည်ဆောက်ကြရဦးမည်။ အစိုးရအဖွဲ့အတွင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများအတွင်း၊ ပြည်သူလူထုအတွင်း ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေးလိုအပ်သည်။

နိုင်ငံ၏ အုပ်ချုပ်မှုရေးရာများကို တာဝန်ယူဆောင်ရွက်ရသည့် အစိုးရအဖွဲ့အစည်းအဆင့်ဆင့်၏ကဏ္ဍသည် အထူးအရေးပါသည်။ အုပ်ချုပ်မှုရေးရာများသည် ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝအပေါ် အဓိက လွှမ်းမိုးလျက်ရှိရာ ပြည်သူ့သဘောထားများကို အလေးထားကြရပေမည်။ ပြည်သူတို့၏ လူနေမှုဘဝ၊ လူမှုစီးပွားဘဝကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်မှု၊ ပြည်သူ့ဝန်ထမ်းများက ပြည်သူများကို မျှမျှတတ ဆက်ဆံမှု၊ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင် အေးချမ်းသာယာ နေထိုင်လုပ်ကိုင် စားသောက်နိုင်မှုတို့အပေါ်တွင် မူတည်၍ စနစ်တစ်ခု ကောင်း၊ မကောင်းကို ဆုံးဖြတ်ကြမည်ဖြစ်သည်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သည့်အတွက် ပြည်သူများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် လွတ်လပ်မှုနှင့် တာဝန်သိမှု၊ လွတ်လပ်မှုနှင့် စည်းကမ်းရှိမှုများကို မှန်မှန်ကန်ကန် ကျင့်သုံးသွားကြခြင်းဖြင့် ဒီမိုကရေစီကျင့်စဉ်များထွန်းကားသည့် မြန်မာ့လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ဘိုက် ဒီရေတောကြိုးဝိုင်းရှိ ဒီရေတောများ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်အတွင်းရှိ ဝန်ဘိုက် ဒီရေတောကြိုးဝိုင်း၌ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ (FAO)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဝန်ဘိုက် ဒီရေတောကြိုးဝိုင်းအတွင်း ရေရှည်တည်တံ့စေမည့် အစုအဖွဲ့အခြေခံဒီရေတော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းမှ ဝန်ဘိုက်ကြိုးဝိုင်းအတွင်းရှိ ဒီရေတောများကို စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း (Management of WunBaik Reserved Mangrove Forest) အလုပ်ရုံ ဆွေးနွေးပွဲကို မတ် ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ကိုယ်စား သစ်တောဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် FAO မှ စီမံကိန်းအကြံပေးအရာရှိ Dr. Deiva Oswin Stanley အပါအဝင် စီမံကိန်း တာဝန်ခံများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် ဝန်ဘိုက် ဒီရေတောကြိုးဝိုင်းအတွင်း ရေရှည်တည်တံ့စေမည့် အစုအဖွဲ့အခြေခံဒီရေတော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းမှ ဝန်ဘိုက်ကြိုးဝိုင်းအတွင်းရှိ ဒီရေတောများကို စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြောင်းမြမြို့နယ် စခန်းကြီးအထက(ခွဲ) ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် စခန်းကြီး အထက(ခွဲ) ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြတ်ဆရာပူဇော်ပွဲအတွက် ကျောင်းသားဟောင်းများ ဖြစ်ကြသည့် နော်သာထူးနှင့် နော်ကယားဖော (ရန်ကုန်)တို့က ငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ ဦးအငယ်-ဒေါ်မြလေးစိန်နှင့်(မြေး) မောင်ဟန်သိန်းလွင်(Way Win ဆောက်လုပ်ရေးကုမ္ပဏီ)တို့က ကျောင်းအတွက် စာရေးခုံနှင့် ထိုင်ခုံများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး မန်းသိန်းကျော်က လက်ခံသည်။

ပူဇော်ကန်တော့

စခန်းကြီးအထက(ခွဲ)၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲတွင် အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးသော ဆရာကြီး၊ ဆရာမကြီး ၂၆ ဦးတို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေနှင့် ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**

(သတင်းစဉ်)

MMDC နှင့် LUDU အဆင့်မြင့်ဓာတ်ခွဲခန်းတို့ ပူးပေါင်း၍ ကျန်းမာရေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

MMDC (MYANMAR MOLECULAR & DIAGNOSTIC CENTER) နှင့် LUDU (MOLECULAR & DIAGNOSTIC CENTER) တို့ ပူးပေါင်း၍ ကျန်းမာရေးဟောပြောပွဲကို မတ် ၃၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အသည်းရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသံစစ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပါမောက္ခဒေါက်တာရဲမြ (Dr. Rai Mra)က "Genomics-Haematology, HIV" နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပါမောက္ခဒေါက်တာ ဦးဝင်းနိုင်က "Changing Concepts in HCV Management With New Therapies" နှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြကာ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

MMDC (MYANMAR MOLECULAR & DIAGNOSTIC CENTER) သည် မော်လီကျူလာ ဓာတ်ခွဲစမ်းသပ်မှု သီးသန့်ဆောင်ရွက်ပေးနေသည့် ဓာတ်ခွဲခန်းတစ်ခုဖြစ်သည်။ MMDC သည် Real Time PCR နည်းပညာကို မြန်မာနိုင်ငံ၌ ပထမဦးဆုံး စတင်အသုံးပြု စစ်ဆေးပေးနေသော ဓာတ်ခွဲခန်းတစ်ခုဖြစ်သည်။

LUDU (MOLECULAR & DIAGNOSTIC CENTER) ကို မန္တလေးမြို့၌ ယခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်ခဲ့ကာ မော်လီကျူလာ ဓာတ်ခွဲစမ်းသပ်မှုများကို ဆောင်ရွက်၍ အထွေထွေရောဂါ စမ်းသပ်စစ်ဆေးမှုများကိုလည်း စစ်ဆေးပေးလျက်ရှိသည်။ အဖြေလွဲမှားမှုမရှိစေရန်အတွက် Barcode စနစ်ကို အသုံးပြုခြင်း၊ Patients Data များကို Computer Software များကို အသုံးပြု၍ စနစ်တကျ ထိန်းသိမ်းထားခြင်းများကို ဆောင်ရွက်ပေးနေသော ဓာတ်ခွဲခန်းများဖြစ်သည်။

MMDC သည် အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုး၊ HIV ပိုးတို့၏ ပိုးကောင် အရေအတွက်ကို တိုင်းတာပေးခြင်း (Viral Load Detection)၊ ပိုးအမျိုးအစား (Genotyping)၊ ဆေးတိုး၊ မတိုး စစ်ဆေးခြင်း (Drug Sensitivity Testing)များကို ပြုလုပ်ပေးနေသည့် အဆင့်မြင့်ဓာတ်ခွဲခန်းဖြစ်ပြီး တီဘီ၊ သွေးလွန်တုပ်ကွေး စသည့် ရောဂါတို့ကိုလည်း စစ်ဆေးပေးနေပြီဖြစ်သည်။

LUDU ကို လူတိုင်းအတွက် Quality Laboratory Service ပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဈေးအသက်သာဆုံး ပိုးကောင်ရေစစ်ဆေးမှု (Viral Load Detection) ကို ပြုလုပ်ပေးနေသည့် ဓာတ်ခွဲခန်း ဖြစ်သည်။ အဖြေလွဲမှားမှု မရှိစေရန် (SOP) Standard Operation Procedures (SOP) များကို တိကျစွာ လိုက်နာဆောင်ရွက်ပေးနေသည့် ဓာတ်ခွဲခန်းဖြစ်သည်။

ဓာတ်ခွဲစမ်းသပ် စစ်ဆေးလိုပါက MMDC ဖုန်း-၀၁-၃၇၄၆၇၆ နှင့် LUDU ဖုန်း-၀၁-၂၂၀၁၄၀ တို့သို့ ဆက်သွယ်စစ်ဆေးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုပ္ပသီရိဈေးကြီး ပွဲရုံတန်း၌ မီးဘေးကာကွယ်ရေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁

နေပြည်တော်ခရိုင် ပုပ္ပသီရိမြို့နယ် ရပ်ကွက်/ကျေးရွာများအတွင်း မီးဘေးအန္တရာယ် လျော့နည်းပပျောက်စေရေး လုပ်ငန်း စီမံချက်အရ ပုပ္ပသီရိမြို့နယ် မီးသတ်ဦးစီးဌာနက ကွင်းဆင်းစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ပုပ္ပသီရိဈေးကြီး ပွဲရုံတန်း၌ မတ် ၁၈ ရက် နံနက် ၁၁ နာရီတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခြင်းကို ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ပုပ္ပသီရိမြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက ကြိုတင်စီမံဆောင်ရွက်ထားရမည့် မီးဘေးကာကွယ်ရေးလုပ်ငန်းစဉ်များ၊ လျှပ်တစ်ပြက်မီးငြိမ်းသတ်ရန် နည်းလမ်းများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဈေးတာဝန်ခံ ဦးတင်မောင်ကြည် ဦးဆောင်သော အဖွဲ့က ပွဲရုံတန်းရှေ့ မြေကွက်လပ်၌ ဆီမီးလောင်မှုအား ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့ သရုပ်ပြ ပက်ဖျန်းငြိမ်းသတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖိုးစိန်လမ်းနေ ဦးသောင်းထွန်း-ဒေါ်အေးအေးကြွယ်၊ သမီး မနီလာအေးထွန်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး သံဃာဆေးကုသဆောင်သစ်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးမောင်တင် လက်ခံစဉ်။

(သတင်းစဉ်)

ဗိသုကာပညာရပ် ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၂/၂၀၁၁)ကို ဧပြီ ၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) တတိယထပ် Function Hall ၌ ကျင်းပမည်ဖြစ်ရာ ယင်းဆွေးနွေးပွဲတွင် "B.Arch Thesis Talk" ခေါင်းစဉ်ဖြင့် ဝါရင့်ဗိသုကာပညာရှင်များက ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ရာ Thesis ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၁၅၃၀၈၄ နှင့် ၀၁-၇၂၃၀၀၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

❀ ရွေးကောက်ပွဲမှ

ကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၅ နှင့် နည်းဥပဒေများ အပိုဒ် ၇၇ တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့် အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန် ပျက်ကွက်သူများအား အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့်၊ မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့မှ စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်၊ ဆောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်မင်းထွန်းသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ အပိုဒ် ၈၃ (က)အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့သည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို စိစစ်၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ အပိုဒ် ၈၄ အရ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်မင်းထွန်းအား အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့ အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၈ အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဧပြီ ၁ ရက်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)၊ သင်တန်းဆင်း (၂၃)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံ ခြောက်ထပ်ဆေးရုံသစ်ကြီး၌ အလှူငွေကျပ်ငါးသိန်းကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ထံ လှူဒါန်းစဉ်။

(သံဃာ့ဆေးရုံ)

ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ စည်းကမ်းချက်များနှင့်အညီ ဆောက်လုပ်ရမည်

ရန်ကုန် ဧပြီ ၁

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေး၊ ခရီးသွားရဟန်းရှင်လူ မိဘပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးတို့အတွက် ရေကစားမဏ္ဍပ်များနှင့် အလှပြဖျော်ဖြေရေးမဏ္ဍပ်များကို စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ဆောက်လုပ်ရမည်ဖြစ်ကြောင်း သိရသည်။

ယင်းစည်းကမ်းချက်များမှာ မဏ္ဍပ်များကို လမ်းတစ်ဖက်တစ်ချက် မျက်နှာချင်းဆိုင်၍ ဆောက်လုပ်ခြင်းမပြုရဘဲ မျက်စောင်းထိုးအနေအထားတွင် ဆောက်လုပ်လိုပါက အနည်းဆုံး ကိုက် ၁၀၀ ခန့် ကွာဝေးရမည်ဖြစ်ပြီး ဘေးချင်းကပ်အနည်းဆုံး ပေ ၁၀၀ ကွာဝေးရမည်။ မဏ္ဍပ်များသည် မီးပွိုင့်ဧရိယာအတွင်း မဖြစ်စေရ။ စိုက်ပျိုးထားသော သစ်ပင်ပန်းပင်များ မပျက်စီးစေရ။ လမ်းသားပေါ်တက်၍ ဆောက်လုပ်ခြင်းများ လုံးဝ(လုံးဝ) ဆောက်လုပ်ခြင်းမပြုရ။

သို့ဖြစ်ရာ ရေကစားမဏ္ဍပ်များ၊ အလှပြဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်လိုသည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများသည် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် ဧပြီ ၃ ရက် နောက်ဆုံးထား၍ လျှောက်လွှာများကိုရယူကာ သတ်မှတ်ထားသော ထောက်ခံချက်များ ပူးတွဲတင်ပြ၍ ခွင့်ပြုချက်ရရှိပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကန်တော်ကြီး ကန်ပတ်လမ်း၌ ခုနစ်နေရာ၊ ပြည်လမ်း ရှစ်မိုင်လမ်းဆုံမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအထိနှင့် ကမ္ဘာအေးစေတီလမ်းတို့၌ ငါးနေရာစီ၊ ပါရမီလမ်း လူငယ်အင်းလျားလေးကန်ရှေ့၌ နှစ်နေရာ၊ စက်မှု(၁)လမ်း၊ ဝေဇယန္တာလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့နှင့် ကမ်းနားလမ်း သီရိမင်္ဂလာဈေးရှေ့တို့၌ တစ်နေရာစီ၊ ဘုရင့်နောင်လမ်းနှင့် ဆရာစံလမ်းတို့၌ သုံးနေရာစီ၊ အလုံလမ်း၌ နှစ်နေရာ မဏ္ဍပ်ကြီးများချထားပေးရန် သက်ဆိုင်ရာက စီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၁

သင်္ကြန်ရုံးပိတ်ရက်များရှိသည့်အတွက် ဧပြီ ၁ ရက်နေ့ထုတ် TV Guide အတွဲ ၂၊ အမှတ် ၂၃ တွင် ဧပြီလ တစ်လစာ အချိန်ဇယားများအား ထည့်သွင်းဖော်ပြထားပါသည်။ စာမျက်နှာများ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းပြောင်းလဲထားခြင်းမရှိဘဲ ယခင်ရောင်းဈေး ကျပ် ၅၀၀ အတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။ ယင်း TV Guide စာစောင်အား မတ်လ ၃၁ ရက် (ကြာသပတေးနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ Star Movies ရုပ်သံလိုင်း၌ ကြည့်ရှုရမည့်လိုင်း The Men Who Stare At Goats, Retoractive, Vampires: Los Muertos, The Ghost Writer, Last Action Hero, Barber Shop 2:Back In Business, Brooklyn's Finesst, Road House, The Hunt For Eagle One, Pope Joan, Deadly Impact, Black Death, Prince of Persia, Cabin Fever 2, Youth In Revolt, Madison, The Rebound စသည့် စိတ်ဝင်စားဖွယ် ရုပ်ရှင်ဇာတ်ကားများ၊ TLC ရုပ်သံလိုင်းတွင် ကမ္ဘာပေါ်ရှိ အချမ်းသာဆုံး လူတန်းစားအလွှာများအကြောင်း ပြသမည့် Super Swank အစီအစဉ်နှင့် The World's Richest People အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် Pompeii မြို့၌ သဘာဝကပ်ဆိုး ကျရောက်စဉ်က ဖြစ်ရပ်များအား ဖော်ထုတ်ပြသမည့် Pompeii အစီအစဉ်၊ သာမန်ထက်ထူးသည့် ခန္ဓာကိုယ်ပမာဏ ပိုင်ဆိုင်သည့် ငါးကြီးများအား ဖမ်းဆီးသုတေသနပြုလုပ်မည့် River Monsters အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်းတွင် ကြည့်ရမည့် Big Fish Festival, Squid Vs Whale, Monster Jellyfish, Blue Collar Dogs, Extraordinary Dogs စသည့် အစီ အစဉ်များ၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Barclays Premier League ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ MRTV-4 ရုပ်သံလိုင်း၌ ဧပြီလ ၁၈ ရက်နေ့တွင် စတင်ပြသမည့် Sai Sai Birthday Show၊ MRTV-4 ၏ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sports. For Edu, For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့် အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ဧပြီ ၁ ရက်မှ ၃၀ ရက်နေ့အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ အစီအစဉ်များ ပါဝင်သည်။ မေလ ၁ ရက်နေ့ထုတ် TV Guide စာစောင်မှ စတင်၍ ပုံမှန်အတိုင်း ၁၅ ရက်တစ်ကြိမ် ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

TV Guide စာစောင်ကို TV Guide Distribution Network (၀၉-၇၃၀၆၀၃၁၅) မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express (09-5080850,391186) သို့ မှာယူနိုင်သည်ဟု သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း(၅၀)နေ ဦးသိန်းအောင်-ဒေါ်နီနီ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုရန် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီမှ (သက်ကြီး) အဖွဲ့ဝင်များနှင့် မသန်စွမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေ ချီးမြှင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးအား တာဝန်ရှိသူက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

(စစ်မှုထမ်းဟောင်း)

Yangon Expo 2011 ပြပွဲ၌ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည် ပါဝင်ပြသ

ရန်ကုန် ဧပြီ ၁

Smart Business Group က ကြီးမှူး၍ Yangon Expo 2011 ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၁ ရက်မှ ၄ ရက်ထိ ခင်းကျင်းပြသလျက်ရှိရာ EMP ကုမ္ပဏီလီမိတက်မှ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည်တို့ကို ပြသရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

Boneal ဒဏ်ကြေလိမ်းဆေးသည် ရှားပါး၍ အစွမ်းထက်မြက်သော တရုတ်တိုင်းရင်းဆေးများဖြင့် စနစ်တကျ ဖော်စပ်ထားသဖြင့် အကြောရောဂါအမျိုးမျိုးကြောင့် ဖြစ်တတ်သောရောဂါများ၊ ပခုံးကပ်ခြင်း၊ ဒူးနာခြင်း၊ ဒူးကိုက်ခြင်း၊ ခါးကိုက်ခြင်း၊ လေးဖက်နာရောဂါ၊ လေငန်းရောဂါ အမျိုးမျိုး၊ ခေါင်းကိုက်ခြင်း၊ အုံးလွဲ၊ ဇက်ကြောတက်၊ အကြောရောင်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမြစ်ကိုက်ခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း ဝေဒနာတို့ကို ပျောက်ကင်းစေသည်။ နာကျင်သော အကြောများကို ပုံမှန်အတိုင်း ကောင်းမွန်စေသည့်အပြင် အကြောများကိုပါ ပြေလျော့စေနိုင်သဖြင့် အညောင်းထိုင်သူများ၊ အားကစားသမားများနှင့် အသက်အရွယ်ရနေသူများ သုံးစွဲနိုင်ရန် အမြဲဆောင်ထားသင့်သည်။

ပြသရောင်းချ

ထို့ပြင် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည်ကိုလည်း ပြသရောင်းချလျက်ရှိကြောင်း၊ ဗောက်ထခြင်းသည် မှိုရောဂါတစ်မျိုးကြောင့် ဖြစ်ကြောင်း၊ Pityrosporum မှိုကြောင့် ဗောက်ထခြင်းသည် သာမန်ခေါင်းလျှော်ရည်များဖြင့် ကုသပျောက်ကင်း၍ မရကြောင်း သိရသည်။

မှာယူနိုင်

Boneal နှင့် Haicneal တို့ကို မှာယူလိုပါက EMP Co.,Ltd. အမှတ် (၂၂၂) ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၆၉၉၅၊ ၂၀၃၀၀၈၊ မန္တလေး ဖုန်း- ၀၂-၃၁၃၆၃ နှင့် ၀၉-၆၅၀၀၅၉၇၊ တောင်ကြီး ဖုန်း-၀၉-၄၉၃၅၀၆၆၄၊ လားရှိုး ဖုန်း-၀၉-၄၇၃၀၁၄၃၁ နှင့် မုံရွာ ဖုန်း-၀၉-၂၀၆၂၄၁၉၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



Yangon Expo -2011 ပြပွဲ စင်ထွာမီးလင်းကတ္တား ပါဝင်ပြသ

ရန်ကုန် ဧပြီ ၁

Smart Business Group က ကြီးမှူးကျင်းပသည့် Yangon Expo-2011 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၁ ရက်မှ ၄ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ စင်ထွာမီးလင်းကတ္တားလည်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါပြခန်းတွင် စင်ထွာမီးလင်းကတ္တားမှ ဒစ်ဂျစ်တယ်ကတ္တား အရွယ်အစား ဆိုဒ်မျိုးစုံနှင့် AD ကျပ်၊ ပဲ၊ ရွှေ ရွှေချိန်စက်၊ ရွှေရည်စမ်းစက်တို့ကို ပြသထားပြီး အထူး Discount ဖြင့် ရောင်းချပေးလျက်ရှိသည်။ ပစ္စည်းဝယ်ယူသူများအား အိမ်အရောက် ပို့ဆောင်၍ ဝန်ဆောင်မှုပေးလျက်ရှိပြီး ဆက်သွယ်မှာယူလိုပါက ဖုန်း-၀၉-၆၅၀၁၇၄၇ နှင့် ၀၉-၇၃၀၁၇၀၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

Yangon Expo- 2011 ပြပွဲ၌ စင်ထွာမီးလင်းကတ္တား ပါဝင်ပြသစဉ်။

(သတင်းစဉ်)

သတိ

ရန်ကုန်မြို့အတွင်း ဟွန်းမတီးရ

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်း
ထိန်းသိမ်းရေးကော်မတီ

အေဒင်ပင်လယ်ကွေ့၌ ဖြန့်ကြက်ထားသော နိုင်ငံတကာ ရေတပ်များမှ စစ်သင်္ဘောများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အေဒင်ပင်လယ်ကွေ့၌ ပင်လယ်ဓားပြတိုက်ဖျက်ရေး နိုင်ငံတကာရေတပ်ကို စင်ကာပူကွပ်ကဲမည်

စင်ကာပူ ဧပြီ ၁

အေဒင်ပင်လယ်ကွေ့ရှိ ပင်လယ်ဓားပြတိုက်ဖျက်ရေး နိုင်ငံတကာရေတပ် တပ်ပေါင်းစု၏ ဦးစီးကွပ်ကဲမှုအခန်းကဏ္ဍကို စင်ကာပူနိုင်ငံက မတ် ၃၁ ရက်တွင် ပါကစ္စတန်ရေတပ်ထံမှ လွှဲပြောင်းရယူလိုက်ကြောင်း စထရိတ်တိုင်းမ်စ်သတင်းစာက ယနေ့ ရေးသားဖော်ပြသည်။

ညှိနှိုင်းဆောင်ရွက်

စင်ကာပူနိုင်ငံသည် အေဒင်ပင်လယ်ကွေ့တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)နှင့် အခြားနိုင်ငံများမှ ရေတပ်တပ်ဖွဲ့များနှင့်အတူ ပင်လယ်ဓားပြတိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာက ရေးသားဖော်ပြသည်။

အေဒင်ပင်လယ်ကွေ့ရှိ ပင်လယ်ဓားပြများကျင်လည်ကျက်စားရာ ပင်လယ်ရေပြင်တွင် ဖြန့်ကြက်ထားသော အထူးလုပ်ငန်းအဖွဲ့ အမှတ်(၁၅၁)စုပေါင်းရေတပ် တပ်ပေါင်းစု၏ ရေတပ်သင်္ဘောလေးစင်းကို စင်ကာပူရေတပ် ဗိုလ်ချုပ်ဟဲရစ်ချန်းက ဦးဆောင်မည်ဖြစ် ကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ ပုလဲမြစ်အတွင်း ငါးဖမ်းခြင်း နှစ်လပိတ်ပင်

ပေကျင်း ဧပြီ ၁

ရေလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များ ပြုန်းတီးမှုကို ကာကွယ်သည့်အနေဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ပုလဲမြစ်အတွင်း ငါးဖမ်းခြင်းလုပ်ငန်း နှစ်လကြာ ပိတ်ပင်သည့်အမိန့်သည် ဧပြီ ၁ရက်တွင် အာဏာသက်ဝင်ကာစတင်ကြောင်း တရုတ်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖမ်းဆီးခွင့်မရှိ

ငါးဖမ်းခြင်းပိတ်ပင်သည့်အမိန့်သည် ယခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၁ ရက်အထိ အကျိုးသက်ရောက်မည်ဖြစ်သည်။ ၎င်းပိတ်ပင်မှုအမိန့်အရ ပုလဲမြစ်မကြီးနှင့် ၎င်းမြစ်ကြီးနှင့် ဆက်စပ်လျက်ရှိသော မြစ်လက်တက်များနှင့် ရေအိုင်များ၌လည်း ငါးဖမ်းဆီးခွင့်မရှိပေ။

ယင်းမြစ်အတွင်း ငါးဖမ်းလှေ ၂၇၆၉၃စင်းနှင့်အတူ ငါးဖမ်းလုပ်သား ၁၁၆၇၁၁ ဦးတို့က ငါးဖမ်းလုပ်ငန်းလုပ်ကိုင်လျက်ရှိသည်။ ဒေသခံလူမှုရေးရာအဖွဲ့က တားမြစ်ပိတ်ပင်ထားသည့်အချိန်အတွင်း ဝင်ငွေကျဆင်းသည့် ငါးဖမ်းလုပ်သားများအား ငွေကြေးထောက်ပံ့ပေးမည်ဖြစ်သည်။

ပုလဲမြစ်သည် ယူနန်၊ ကွေကျိုး၊ ကွမ်စီ၊ ကွမ်တုန်၊ ဟူနန်နှင့် ကျန်ဇီးဒေသတို့ကို ဖြတ်သန်းစီးဆင်းသည်။ ၎င်းမြစ်သည် မြစ်ရေထုပမာဏအရ တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြစ်ဖြစ်ပြီး ယန်စီမြစ်သည် ပထမအကြီးဆုံးမြစ်ဖြစ်သည်။

စိုက်ပျိုးရေးဝန်ကြီးဌာနရှိ ငါးဖမ်းလုပ်ငန်းတာဝန်ရှိသူများက အဆိုပါ ငါးဖမ်းခြင်းပိတ်ပင်မှုအမိန့်သည် ဒုတိယကြိမ်မြောက်ထုတ်ပြန်ခြင်းဖြစ်သည်ဟုဆိုသည်။ ၂၀၀၃ ခုနှစ်က ယန်စီမြစ်အတွင်း ငါးဖမ်းခြင်းပိတ်ပင်မှုအမိန့်ကို ထုတ်ပြန်ခဲ့သည်။ ***ဆင်ဟွာ။***

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် ကွမ်ကျိုးမြို့ကို ဖြတ်သန်းစီးဆင်းနေသော ပုလဲမြစ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆူနာမီရေလှိုင်းကြောင့် ပျောက်ဆုံးနေသူများကို ပိုက်စိပ်တိုက်ရှာဖွေသည့် စစ်ဆင်ရေးလုပ်ငန်းစတင်

တိုကျို ဧပြီ ၁

ဂျပန်နိုင်ငံတွင် မြေငလျင်လှုပ်မှုနှင့်အတူ ဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် ပျောက်ဆုံးနေသူများကို ဂျပန်ကာကွယ်ရေးတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက သုံးရက်ကြာ ပိုက်စိပ်တိုက်ရှာဖွေသည့် စစ်ဆင်ရေးလုပ်ငန်းများကို ဧပြီ ၁ ရက်တွင် စတင်လိုက်ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဂျပန်ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၈၀၀၀ခန့်နှင့် အမေရိကန်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၇၀၀၀ခန့်သည် ရဲတပ်ဖွဲ့ဝင်များ၊ ဂျပန်ပင်လယ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဆူနာမီရေလှိုင်းကြောင့် ပျောက်ဆုံးနေသူများကို ပိုက်စိပ်တိုက်ရှာဖွေမည်ဖြစ်သည်။ ပျောက်ဆုံးနေသူများအား ရှာဖွေသည့် စစ်ဆင်ရေးလုပ်ငန်းတွင် သင်္ဘောများနှင့် ရဟတ်ယာဉ်များ အများအပြားပါဝင်သည်။

မတ် ၁၁ရက်ကဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်းဒဏ်ကို ခံစားခဲ့ရသည့် နေရာဒေသများတွင် ရှာဖွေရေးစစ်ဆင်မှု လုပ်ငန်းများကို လုပ်ကိုင်မည်ဖြစ်သည်။ ***အင်တာနက်။***

အင်ဒိုနီးရှား၌ရေလွှမ်းမိုး ၁၀ဦးသေဆုံး ၂၀၀၀ကျော် အိုးအိမ်ပစ်ထွက်ပြေးရ

ဂျာကာတာ ဧပြီ ၁

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ်၌ ရေလွှမ်းမိုးမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၂၀၀၀ခန့် အိုးအိမ်များကိုစွန့်ကာ ထွက်ပြေးခဲ့ကြရကြောင်း သဘာဝဘေးကြီးကြပ်ရေးနှင့် ထိန်းသိမ်းရေးအဖွဲ့က ဧပြီ ၁ ရက်တွင် ပြောကြားသည်။

တစ်လကြာမျှ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြစ်အများအပြား၌ ရေမျက်နှာပြင်မြင့်တက်ခဲ့ပြီး ပါပူဝါပြည်နယ် ပန်နိုင်းခရိုင်ရှိ ရေအိုင်ကြီးအတွင်း စီးဝင်လာကာ ကန်ရေလျှံမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ရေအိုင်ဝန်းကျင်ရှိ ကန်ဇွန်းဥစိုက်ခင်း ဟက်တာ ရာနှင့်ချီ၍ ရေလွှမ်းမိုးခံခဲ့ရသဖြင့် ဒေသခံပြည်သူထောင်ပေါင်းများစွာအတွက် အဓိကစားနပ်ရိက္ခာပြတ်လပ်မှုဘေးအန္တရာယ်အတွက် စိုးရိမ်ရကြောင်း ၎င်းအဖွဲ့၏တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လွန်ခဲ့သော ရက်သတ္တနှစ်ပတ်မှစ၍ မြစ်ရေလျှံမှုစတင်ဖြစ်ပွားခဲ့ပြီး ပန်နိုင်းခရိုင်၌ ရေကြီးမှုနှင့်ရင်ဆိုင်နေရဆဲဖြစ်ကာ အချို့နေရာများ၌ လောလောဆယ်ရေထုအမြင့် ရှစ်မီတာအထိရောက်ရှိနေသည်ဟု ဆိုသည်။

လွန်ခဲ့သောရက်သတ္တပတ်က သေဆုံးသူ ၁၀ ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိကြောင်း၊ ၎င်းတို့သည် ရေကြီးရာမှထွက်ပြေးစဉ် ကနူးလှေနစ်မြုပ်ခဲ့ပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

လူ ၂၀၀၀ကျော် ၎င်းတို့နေအိမ်မှ ထွက်ပြေးခဲ့ရပြီး ကုန်းမြင့်ပိုင်းရှိ ၎င်းတို့၏ဆွေမျိုးများ၏အိမ်များ၌ ခိုလှုံနေထိုင်ခဲ့ရသည်ဟု ဆိုသည်။

ရေဘေးဒုက္ခသည်များအတွက် အကူအညီပေးနိုင်မှု နည်းပါးနေသေးကြောင်း၊ ၎င်းတို့အား ဆန်လေးတန်သာ ပေးပို့နိုင်ခဲ့ကြောင်း၊ စားနပ်ရိက္ခာပိုမိုတင်ပို့ပေးရန် လိုအပ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***ဆင်ဟွာ။***

ထိုင်းတောင်ပိုင်း ရေကြီးနေ၍ အပန်းဖြေခရီးစဉ်များ ဖျက်သိမ်း

ဘန်ကောက် ဧပြီ ၁

ထိုင်းနိုင်ငံတောင်ပိုင်းသို့ ထွက်ခွာမည့် အလည်အပတ်ခရီးစဉ်များကို ခရီးသွားလုပ်ငန်းအချို့က သောကြာနေ့တွင် ဖျက်သိမ်းခဲ့သည်။

ယခုသီတင်းပတ်အတွင်း အဆိုပါဒေသတွင် အဆက်မပြတ် မိုးသည်းထန်စွာရွာသဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်းတို့ဖြစ်ပေါ်ကာ အနည်းဆုံး ၂၃ဦး သေဆုံးကြောင်း၊ ခရီးသည်ထောင်ပေါင်းများစွာ သောင်တင်လျက်ရှိကြောင်း ခရီးသွားအာဏာပိုင်များက ပြောသည်။

ခရီးစဉ်များကို ဧပြီ ၄ ရက်အထိ ဖျက်သိမ်းခဲ့ကြောင်း၊ ထိုရက်မှကျော်လွန်လျှင် မူလစီစဉ်ထားသကဲ့သို့ဖြစ်ကြောင်း ဆာမွိုင်းကျွန်းဆိုင်ရာ ထိုင်းခရီးသွားလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆာမွိုင်းကျွန်းသည် ထိုင်းပင်လယ်ကွေ့အတွင်း၌တည်ရှိပြီး ဘန်ကန်မြို့၏ တောင်ဘက်ကီလိုမီတာ၄၇၀ ကွာဝေးသည်။ မိုးသည်းထန်စွာရွာခြင်း၊ ပင်လယ်ရေမြင့်တက်လာခြင်းတို့ကြောင့် တနင်္ဂနွေနေ့မှ အင်္ဂါနေ့အထိ ၎င်းကျွန်း၏ လေယာဉ်ခရီးစဉ်များ၊ ကူးတို့သင်္ဘောခရီးစဉ်များကို ဖျက်သိမ်းထားသည်။

ယင်းကျွန်းပေါ်ရှိ အပန်းဖြေစခန်းများ၌ ကမ္ဘာလှည့်ခရီးသည်နှင့် ပြည်တွင်းခရီးသည်ထောင်ပေါင်းများစွာ သောင်တင်လျက်ရှိပြီး လေယာဉ်ခရီးစဉ်နှင့် သင်္ဘောခရီးစဉ်များကို ဗုဒ္ဓဟူးနေ့တွင် ပြန်လည်စတင်မည်ဖြစ်သည်။

ဆာမွိုင်းကျွန်းသို့ လာရောက်အပန်းဖြေလည်ပတ်သူဦးရေ နှစ်စဉ် ၁ ဒသမ ၁သန်းခန့်ရှိ၍ ၎င်းတို့အနက်မှ ၈၅ရာခိုင်နှုန်းသည် နိုင်ငံခြားသားများဖြစ်ကြသည်။ ***အင်တာနက်။***

သူပုန်တပ်ဖွဲ့၏ လက်နက်သိုလှောင်ရုံကို ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့ သိမ်းဆည်းရမိ

မနီလာ ဧပြီ ၁

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ လက်ဝဲသူပုန်များကပိုင်ဆိုင်သော လက်နက်သိုလှောင်ရုံတစ်ရုံကို အစိုးရတပ်ဖွဲ့က သိမ်းဆည်းရမိကြောင်း ဧပြီ ၁ ရက် သတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ ဒါဗောင်အိုရီယင်တယ်လ်ပြည်နယ်ရှိ သူပုန်တပ်ဖွဲ့၏ လက်နက်သိုလှောင်ရုံအတွင်းမှ မြေမြှုပ်မိုင်းဗုံးများ၊ ယမ်းပစ္စည်းများ၊ ဗုံးပြုလုပ်ရာ၌အသုံးပြုသော လက်နက်ကိရိယာများကို သိမ်းဆည်းရမိကြောင်း အမှတ် (၁၀) ကြည်းတပ် တပ်ရင်း၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး လင်ဒန်ပါနီဇာက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ရီဇယ်မြို့ရှိ ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ပြည်သူ့တပ်မတော်သစ်၏ စခန်းတစ်ခုကို အစိုးရတပ်ဖွဲ့က ရှင်းလင်းခဲ့သည်။ ***အင်တာနက်။***

ရေကြီးနေသည့် ထိုင်းနိုင်ငံတောင်ပိုင်း၌ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၂၅/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၉၈ ဦးတို့ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၂၅/၂၀၁၁) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

Book-Buffet & Clearance Sale Myanmar Book Centre တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၁

မြန်မာနှစ်သစ်ကူးကို ကြိုဆိုသောအားဖြင့် နွေရာသီကျောင်းပိတ်ရက်များအတွင်း စာအုပ်များ တဝကြီးဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ Myanmar Book Centre မှ "Book-Buffet &Clearance Sale" အစီအစဉ်ကို ဧပြီ ၂ ရက် (စနေနေ့)မှ ဧပြီ ၇ ရက် (ကြာသပတေးနေ့)အထိ ကျင်းပမည်ဖြစ်သည်။ ရောင်းရငွေများကို ကျေးရွာစာကြည့်တိုက်များနှင့် ဘုန်းတော်ကြီး စာသင်ကျောင်းများ၌ လိုအပ်နေသော မြန်မာစာအုပ်များ ဝယ်ယူလှူဒါန်းသွားမည်ဖြစ်ရာ စာအုပ်ဝယ်ရင်း ကုသိုလ်ရမည့်ပွဲဖြစ်သည်။

Myanmar Book Centre အနေဖြင့် စာအုပ်များလှူဒါန်းရန် လူမှုရေးပရဟိတအသင်း (Not For Profit) အနေဖြင့် Myanmar Book Aid and Preservation Foundation ကို ဖွဲ့စည်းထားပြီး ကျေးရွာစာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၊ ဘုန်းတော်ကြီးသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ် စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းလျက်ရှိသည်။ ယခုအချိန်အထိ စာအုပ်ပေါင်း သုံးသိန်းကျော်၊ စာကြည့်တိုက်ပေါင်း ၂၅၀ ကျော်သို့ လှူဒါန်းပေးပြီးဖြစ်သည်။

"Book-Buffet" အစီအစဉ်မှာ ကလေးစာအုပ်ပေါင်း များစွာပါရှိပြီး ဘာသာရပ်ပေါင်း ၂၀ ကျော် ပါဝင်မည်ဖြစ်သည်။ စာအုပ်များမှာ Pre-school ရွယ် ကလေးငယ်အရွယ်မှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက်ပါ ဗဟုသုတများစွာ ရရှိစေမည့် စာအုပ်များပါဝင်၍ ဦးရာလူစနစ်ဖြင့် စာအုပ်များ ရွေးချယ်ဝယ်ယူနိုင် မည်ဖြစ်၍ အချိန်စောစီးစွာလာရောက် ရွေးချယ်ဝယ်ယူစေလိုသည်။

ယခုပြုလုပ်မည့် အစီအစဉ်(၁)မှာ ငွေကျပ်တစ်သောင်းတန် စာအုပ်ဘူဖေးဖြစ်၍ "Book-Buffet" ပြုလုပ်မည့်နေရာတွင် ငွေကျပ်တစ်သောင်းဖြင့် အိတ်တစ်လုံးဝယ်ရမည်။ အိတ်၏အရွယ်မှာ ၁၂" × ၁၀" × ၃" ဖြစ်ပြီး ကြိုက်နှစ်သက်ရာ စာအုပ်ကို အိတ်အပြည့်ထည့်နိုင်မည်ဖြစ်သည်။

အစီအစဉ်(၂)မှာ ငွေကျပ်နှစ်သောင်းတန် စာအုပ်ဘူဖေးဖြစ်၍ "Book-Buffet" ပြုလုပ်မည့်နေရာတွင် ငွေကျပ်နှစ်သောင်းဖြင့် အိတ်တစ်လုံးဝယ်ရမည်။ အိတ်၏အရွယ်မှာ ၁၆" × ၁၀ ဒသမ ၅"× ၃ ဒသမ ၅"ဖြစ်ပြီး ကြိုက်နှစ်သက်ရာ စာအုပ်ကို အိတ်အပြည့် ထည့်နိုင်မည်ဖြစ်သည်။

"Book-Buffet" နှင့် "Clearance Sale" အစီအစဉ်ကို Myannmar Book Centre ၏ Outlets များ ဖြစ်သော ဆိုင်(၁) အမှတ်(၅၅) ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့၊ဆိုင်(၂)အမှတ်(၅၆၁- ၅၆၇) အခန်း(၃) မြေညီထပ် MAC Tower(1) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း၊ မန္တလေးဆိုင်ခွဲဖြစ်သော Room (429), Level-4,78 Shopping Centre, Mandalay ဆိုင်တွင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ လည်းကောင်း တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ် ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ပန်းတနော်မြို့နယ် ဆေးရုံသို့ ဆေးဝါးပစ္စည်းနှင့် ငွေပဒေသာပင်လှူဒါန်း

ပန်းတနော် ဧပြီ ၁

ရန်ကုန်မြို့ (၂၇)လမ်းနေ (ဦးရွှေဒင်္ဂါး)-ဒေါ်ကျင်တီတို့အား အမှူးထား၍ အောင်သပြေကုမ္ပဏီလီမိတက် (ဖယောင်းပုဆိုးကော်ဇောရောင်းဝယ်ရေး) မိသားစုက ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံ နှစ်ရုံသို့ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲကို မတ် ၁၉ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးဝါးပစ္စည်းများကို မြို့နယ်ကျန်းမာရေးကော်မတီအတွင်းရေးမှူးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းငွေးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

အောင်သပြေ ကုမ္ပဏီလီမိတက်က ပန်းတနော်မြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေး၊ ငွေပဒေသာပင်နှင့် ဆေးဝါးပစ္စည်းများ နှစ်စဉ်လှူဒါန်းထားမှုမှာ ငွေကျပ် ၂၆၈ သိန်းခန့်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ယင်းနေ့ ညနေ ၃ နာရီတွင် ပန်းတနော်မြို့ သမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်ကြီးအတွက် ထာဝရ ငွေပဒေသာပင် ကျပ်သိန်း ၁၀၀ ကို ထပ်မံလှူဒါန်းသည်။ ရွှေသင်္ကန်းကပ်လှူရန်အတွက် မတည်ငွေကျပ် ၉၆ သိန်းကိုလည်း လှူဒါန်းခဲ့ပြီး အောင်သပြေကုမ္ပဏီလီမိတက်မှ စေတီတော်မြတ်ကြီးသို့ ရေစက်ချလှူဒါန်းထားသည့် ငွေမှာ စုစုပေါင်း ကျပ် ၇၉၆ သိန်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ရုပ်ရှင်

နှစ်သစ်မှာလန်းမယ့် အလန်းဇယား

ရန်ကုန် ဧပြီ ၁

ဧပြီ ၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာရုံနှင့် မော်တင်ဂျန်းရှင်းရုံတို့တွင် ကမ်းထရီးစတားရုပ်ရှင် ထုတ်လုပ်ဖြန့်ချိရေးမှ နေရီမင်း၏ ဇာတ်လမ်းကို ကိုရွှေမိုးသက် ဇာတ်ညွှန်းရေးသားပြီး ကိုဇော် (အရုဏ်ဦး) ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးသည့် **"လာထားအာဘွား"**ဟာသဇာတ်ကား ရုံတင်ပြသမည် ဖြစ်သည်။ ဤဇာတ်ကားတွင် နေတိုး၊ ရန်အောင်၊ ဝေဠုကျော်၊ နန္ဒ၊ သက်မွန်မြင့်၊ ခရစ္စတီးနားတို့ ခေါင်းဆောင်ပါဝင်ကြသည်။

မြန်မာနှစ်သစ်ကူးနှစ်ဆန်း ၁ ရက်တွင် ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးပြီး သူထူးစံ၊ မိုးအောင်ရင်၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ နန်းဆုရတီစိုးနှင့် မယ်လိုဒီတို့ ခေါင်းဆောင်သည့် **အလန်းဇယား** ဇာတ်ကား ရုံတင်မည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် လူသားဆန်သည့် စက်ရုပ်တစ်ရုပ်ကို ဇာတ်လမ်းဖန်တီးထားသည့် စက်ရုပ်လူသား ROBOT အိန္ဒိယဇာတ်ကား ရုံတင်မည်ဖြစ်ပြီး နေပြည်တော်ရုံတွင် လူသားတို့ထံ ကျူးကျော်လာသည့် ဂြိုဟ်သားများနှင့် လူသားစစ်တပ်တို့ တိုက်ခိုက်ကြပုံကို ရိုက်ကူးထားသည့် BATTLE:LOS ANGELES ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

လာထားအာဘွား ဇာတ်ကားမှ နေတိုးနှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်ဟန်။

အထက(၁) မြောက်ဥက္ကလာ ကျောင်းသားဟောင်းများ စုပေါင်းအလှူပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁

အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒသမအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဧပြီ ၁၁ ရက် ညနေမှ ၁၉ ရက်အထိ ဇမ္ဗူအေးတိုက်မြတ်မင်္ဂလာကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ၊ ဆရာဟောင်းများ၊ လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိသော ဆရာများအနေဖြင့် ကြိုတင်စာရင်းပေးကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အဂ္ဂမဟာသီရိသုဓမ္မဓဇဂဏဝါစကရိုက်ဖတ်ရေ ဦးအောင်ကြည်မြင့် ဖုန်း-၀၉-၅၁၉၇၇၇၇၊ ဦးချိုအေး ဖုန်း-၆၉၁၁၂၃၊ ၀၉-၈၀၂၀၄၀၀၊ ဦးစိုးသန်း ဖုန်း-၅၅၈၆၉၈၊ ဦးချစ်အောင် ဖုန်း-၀၉-၇၃၀၂၂၀၆၂၊ ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၅၇၈၆၁၊ ဒေါ်လှသိန်း ဖုန်း-၀၉-၇၃၀၁၀၆၅၅၈၊ ဒေါ်ဆောင်းသီတာ(သက်လုံအထူးကုဆေးခန်း) ဖုန်း-၀၉-၅၀၀၄၃၁၉ နှင့် ဒေါ်ညွန့်ရွှေ ဖုန်း-၀၉-၅၀၈၇၇၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကင်းမြို့နယ် သာယာရွှေပြည်ရိပ်မွန်နေ ကွယ်လွန်သူ ဦးအစိန်-ဒေါ်ကျင်မှုံ၊ သမီး ဒေါ်ပိုးကြူတို့က ဆေးအလှူအဖြစ် ဒေါ်အေးကျင်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေ လက်ခံစဉ်။ (ကြေးမုံ)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်းဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့်၊ ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

အင်္ဂလိပ်စာနှင့် စကား သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁

English for Myanmar အင်္ဂလိပ်စာနှင့်စကား (Four Skills) နွေရာသီ သင်တန်းခွဲကို နဝရတ်ပညာရေး (N.L.E.C) ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အင်္ဂလိပ်စာတတ်ကျွမ်းရေး သင်ကြားရေးပုံစံသစ်ဖြစ်သော Present-Practise-Produce (PPP) နည်းစနစ်ဖြင့် ဗြိတိန်နိုင်ငံတွင် ပညာရေးတာဝန် ထမ်းဆောင်ခဲ့သော ဝါရင့်ဆရာ၊ ဆရာမများက ဦးစီးပို့ချမည်ဖြစ်သည်။ ယင်းသင်တန်းသို့ ၂၀၁၁ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများမှ စတင်တက်ရောက်နိုင်ပြီး Elementary Level/Intermediate Level နှင့် Advanced Level တန်းခွဲသုံးခုဖြင့်ဖွင့်လှစ်ပို့ချမည် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ၎င်းတို့၏သား၊သမီးများအတွက် သင်တန်းကြေးကို ၁၀ ရာခိုင်နှုန်း လျှော့၍ လက်ခံသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းဝင်ခွင့် လျှောက်လွှာများကို စတင်လက်ခံပြီး ဧပြီ ၄ ရက်တွင် တန်းခွဲအလိုက် သင်တန်းများ စတင်ပို့ချသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက N.L.E.C (ကျောင်းသားရေးရာဌာန) အမှတ် (၈၂) တတိယထပ် အနော်ရထာလမ်း (၃၉ လမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့နှင့် အမှတ် (၂၄၅) ပထမထပ် ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၂၂၅၊ ၂၅၀၁၅၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝါးခယ်မ-ကနစိုးကုန်း-မြို့ချောင်းကြီး ကျေးလက်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်က အဆိုပါလမ်း မုခ်ဦးထိပ်၌ ကျင်းပစဉ်။ (မြို့နယ်စည်ပင်)

လျှော်ဘေးဒဏ်သင့်ပြည်သူများအား အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ လျှော်ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁ ရက် နံနက်ပိုင်းတွင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ လျှော်ဘေးဒဏ်သင့်ပြည်သူများအတွက် ဦးမြင့်ဦးက အလှူငွေကျပ်ငါးသိန်း၊ ဦးသိန်းဇော်လေး (ဥက္ကဋ္ဌ-မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာ့ နုဂ္ဂဟအသင်း) ရန်ကုန်တောင်ပိုင်းခရိုင်က အလှူငွေကျပ် ငါးသိန်း၊ ဦးတင်နုက အလှူငွေကျပ်တစ်သိန်း၊ ဦးကျော်စွာထွန်းက အလှူငွေကျပ်တစ်သိန်း၊ ဦးလှဝင်းနိုင်က အလှူငွေကျပ် တစ်သိန်း၊ ဦးဇော်ဝင်းက အလှူငွေကျပ်တစ်သိန်း၊ ဦးမိုးမိုးကျော်က အလှူငွေကျပ်တစ်သိန်း၊ ဦးမိုးမြင့်ကျော်က အလှူငွေကျပ်တစ်သိန်း၊ ဦးခင်မောင်လှက အလှူငွေကျပ် ငါးသောင်းနှင့် မောင်ဝေဖြိုးသန်းက အလှူငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ လျှော်ဘေးဒဏ်သင့် ပြည်သူများအတွက် ဦးသိန်းဇော်လေးက အလှူငွေများ ပေးအပ်လှူဒါန်းရာ သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး လက်ခံစဉ်။
(သတင်းစဉ်)

၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ်ကျင်းပမည်

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ KENBO မှ အဓိကကူညီပံ့ပိုးသော ၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆဋ္ဌမပွဲစဉ်ကို ဧပြီ ၅ ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတစ်ပွဲချင်းစီတွင် (အကျော့မဲ့) ပုံစံဖြင့် အကောင်းဆုံးအပျော်တမ်းကစားသမား ၁၀ ဦးအား ရွေးချယ်ပြီး ၂၀၁၁ ခုနှစ် ဧပြီ ၇ ရက် နှင့် ၈ ရက်တို့တွင် ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ကျန်အပျော်တမ်းပြိုင်ပွဲဝင်များနှင့် အမျိုးသမီးပြိုင်ပွဲဝင်များအား (System 36) ဖြင့် တွက်ချက်ပြီး ဆုများချီးမြှင့်ပေးမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole-In-One)ဆုရရှိသူအား KENBO မော်တော်ဆိုင်ကယ်ဆုချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဧပြီ ၃ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁ တို့နှင့် မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကလပ်တို့၌ အမည်စာရင်းပေးသွင်းနိုင်သည်။

အဆိုပါ ၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၄-၂၀၁၁ (စနေနေ့)

[၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်(အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၇။ ကဗျာပန်းဥယျာဉ်
၈း၁၅	၈။ အဆိုပြိုင်ပွဲ
၈း၂၅	၉။ ခါသင်္ကြန်အဆို၊ အကများ
၈း၄၀	၁၀။ International News
၈း၄၅	၁၁။ တေးဂီတအစီအစဉ်
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။ စစ်သည်တေး
၁၁း၁၀	၂။ ခါသင်္ကြန်အဆို၊ အကများ
၁၁း၂၅	၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅	၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀	၅။ Yan Can Cook
၁၂း၄၅	၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၂၉)**
၁း၂၅	၇။ မဟော်သဓာ (အပိုင်း-၂၄) (ဇာတ်သိမ်းပိုင်း) (ဖိုးသောကြာ၊ နဒီဝင့်နိုင်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
၁း၅၅	၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၀၅	၉။ ဆေးလှူမှုဆက်ဆံရေးလုပ်ငန်းများ အကြောင်းဟောပြောချက် (ဦးထိန်မြင့်)
၂း၂၅	၁၀။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၂း၃၅	၁၁။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
၂း၅၀	၁၂။ International News
၃း၀၀	၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅	၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မကွေးနှင့် ဇေယျာရွှေမြေ)
၅း၄၅	၂။ ခါသင်္ကြန်အဆို၊ အကများ
၆း၀၀	၃။ ညနေခင်းသတင်း
၆း၁၅	၄။ မိုးလေဝသအခြေအနေ
၆း၂၀	၅။ ယဉ်တစ်ကိုယ်မယ်
၇း၀၀	၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-. ၃၄) (ဇာတ်သိမ်းပိုင်း)**
၈း၀၀	၇။ ပြည်တွင်းသတင်း
	၈။ နိုင်ငံတကာသတင်းများ
	၉။ မိုးလေဝသအခြေအနေ
	၁၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၁၀၉)**
	၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ"(အပိုင်း-၁၈)**
	၁၂။ ဂီတတံခါးလေးဖွင့်ပါဦး
	၁၃။ အစီအစဉ်ပြီး၏။

LOLANE အလှကုန်ပစ္စည်းများ YANGON EXPO' 2011 ပြပွဲ၌ ပါဝင်ပြသ

ရန်ကုန် ဧပြီ ၁

Grand Wynn Group of Companies က တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိသည့် LOLANE နှင့် RICO & RINA အမှတ်တံဆိပ် ဆံပင်နှင့်အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ အလှကုန်ပစ္စည်းများ၊ Butter Cup & Mother's Choice Margarine နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော YANGON EXPO' 2011 ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတွင် ထိုင်းနိုင်ငံမှ Lolane Professional Hair Technician Mr. Manut နှင့် အဖွဲ့က လက်တွေ့ပြင်ဆင်ပြသပြီး ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသူများအား အခမဲ့ ဆံပင်ညှပ်ပေးခြင်း၊ ဆေးဆိုးပေးခြင်းနှင့် ဆံပင်ပေါင်းတင်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

Lolane မှ ၂၀၁၁ ခုနှစ်အတွက် အသစ်ထပ်မံ ထုတ်လုပ်လိုက်သော ဆံပင်သားအရောင် တိကျစွာရရှိစေသည့် Complete Capsule Technology နှင့် ထုတ်လုပ်ထားသော Lolane Pixel Hair Color၊ ဆံပင်ဆေးဆိုးရန် အချိန်သီးသန့်ပေးစရာမလိုဘဲ အလွယ်တကူ ခေါင်းလျှော်လိုက်ရုံဖြင့် ဆံပင်ကို ပြန်လည်နက်မှောင်သွားစေသော အရည်အသွေးမြင့်မား လူကြိုက်များသည့် Lolane Nature Code Color Shampoo၊ တစ်နေကုန် ချိုင်းအနံ့ဆိုးများကို ဖယ်ရှားပေးပြီး ချိုင်းသားကို ဖြူစေသည့် Rico & Rina Roll On၊ မည်သည့်အသားအရေနှင့်မဆို သင့်တော်ပြီး မျက်နှာပြင်ရှိ အညစ်အကြေးများနှင့် အဆီများကို ထိရောက်စွာ ဖယ်ရှားပေးပြီး နေ့စဉ်အသုံးပြုခြင်းဖြင့် သဘာဝအတိုင်း အသားအရေ ဖြူစင်တင်းရင်းနုပျိုသော မျက်နှာအလှကို ပိုင်ဆိုင်စေမည့် Rico & Rina Facial Foam အလှကုန်ပစ္စည်းများနှင့် ကိုလက်စထရော မပါဝင်ဘဲ ဗီတာမင် အပြည့်အဝပါဝင်သော လူမျိုးမရွေး၊ ဘာသာမရွေး အသင့်စားသုံးနိုင်သော Mother's Choice Margarine နှင့် Butter Cup အမှတ်တံဆိပ် ထောပတ်များကို အထူးနှုန်းဖြင့် မိတ်ဆက်ခင်းကျင်း ပြသရောင်းချပေးလျက်ရှိသည်။

Grand Wynn Group of Companies မှ တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသော ထုတ်ကုန်ပစ္စည်းများကို ကိုယ်စားလှယ်ရယူဖြန့်ဖြူးရောင်းချလိုသူများအနေဖြင့် အမှတ်(၄၀) (၆၇)လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ရှိ Grand Wynn Group of Companies ဖုန်း-၂၉၄၀၄၅၊၂၉၀၁၇၀ နှင့် Fax ၂၉၆၉၂၈ Email-grandwyn@myanmar.com သို့ တိုက်ရိုက်ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

LOLANE နှင့် RICO & RINA အမှတ်တံဆိပ် ဆံပင်နှင့်အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ အလှကုန်ပစ္စည်းများ၊ Butter Cup & Mother's Choice Margarine နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများကို YANGON EXPO' 2011 ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်း ပြသလျက်ရှိစဉ်။ (သတင်းစဉ်)



သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက်(၇း၀၀)နာရီမှ (၁၈း၀၀) နာရီ အတွင်းသာ ရေပက်ကစားကြရန်နှင့် (၁၈း၀၀)နာရီ နောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

သင်္ကြန်ရက်များအတွင်း တာဝန်ထမ်းဆောင်ကြမည့် စာပို့လုလင်များ ကြေးနန်းပို့လုလင်များအား ရေပက်ကစားခြင်းမပြုရန် မေတ္တာရပ်ခံထား

နေပြည်တော် ဧပြီ ၁

နှစ်သစ်ကူး မဟာသင်္ကြန်ရက်များတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် နှစ်သစ်ကူးမဟာသင်္ကြန် အကြတ်နေ့ဖြစ်သည့် ဧပြီ ၁၅ ရက် (သောကြာနေ့)နှင့် နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်သည့် ဧပြီ ၁၈ ရက် (တနင်္လာနေ့) တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူးမဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ ရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်ကြမည့် စာပို့လုလင်များ၊ ကြေးနန်းပို့လုလင်များအား ရေပက်ကစားခြင်းမပြုကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ဖောင်းပြင် ဧပြီ ၁

ဖောင်းပြင်မြို့ စည်ပင်သာယာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးမော်နှင့်ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးကံထွန်းနှင့် မီးသတ်အဖွဲ့ဝင်များ ပူးပေါင်း၍လက်တွေ့မီးငြိမ်းသတ်ခြင်းဆောင်ရွက်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ (မြို့နယ်စည်ပင်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဧပြီ ၁

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** ချောက်မြို့တွင် ၃၈ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် သုည ဒသမ ၄၇ လက်မ၊ ဟဲဟိုးမြို့တွင် သုည ဒသမ ၆၇ လက်မ၊ ပူတာအိုမြို့တွင် သုည ဒသမ ၅၉ လက်မ၊ အောင်လံမြို့နှင့် မောင်တောမြို့တို့တွင် သုည ဒသမ ၃၉ လက်မစီနှင့် သရက်မြို့တို့တွင် သုည ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၂ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာသောဆုကြီးများ

နေပြည်တော် ဧပြီ ၁

(၂၆၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၁၀၀၀)

ဂ-၁၁၃၉၀၉

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)

ဖ-၂၄၇၂၃၄

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ဘ-၄၉၆၅၄၉

ဠ-၉၀၉၅၈၅

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

န-၃၈၈၇၅၁

ဋ-၂၈၁၈၄၆

ဋ-၃၅၆၄၄၀

တ-၅၈၆၂၂၉

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဠ-၆၄၆၆၃၃	ပ-၃၀၅၀၆၃
ပ-၃၄၇၁၁၈	ဒ-၆၅၀၆၁၃
ဗ-၃၅၂၂၃၁	က-၁၉၃၀၂၄
ဆ-၄၈၃၉၈၈	င-၇၇၇၂၈၄
န-၇၈၈၁၀၄	ဓ-၄၇၅၉၉၄
စ-၈၈၈၈၆၃	ခ-၉၃၀၇၂၆
ပ-၇၆၂၃၄၃	ဍ-၇၃၆၈၀၅

China Electronic Technology Corporation (CETC) International Co.,Ltd. P.R of China မှ တာလေမြို့နယ်ရှိ လျှော်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေကျပ်သန်း(၁၀၀) ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁

China Electronic Technology Corporation (CETC) International Co.,Ltd. P.R of Chinaမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာလေမြို့နယ်ရှိ လျှော်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေကျပ်သန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အလှူငွေများကိုလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ China Electronic Technology Corporation (CETC) International Co.,Ltd. P.R of China မှ Mr. Tian Yaobin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ China Electronic Technology Corporation (CETC) International Co.,Ltd. P.R of China မှ Mr.Tian Yaobin က လျှော်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် China Electronic Technology Corporation (CETC) International Co.,Ltd . P.R of China မှ Mr. Tian Yaobin က လျှော်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေကျပ်သန်း (၁၀၀)ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင် စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လက်ခံ

China Electronic Technology Corporation (CETC) International Co.,Ltd. P.R of China မှ Mr.Tian Yaobin က **လျှော်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေကျပ်သန်း(၁၀၀)ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် လက်ခံစဉ်။** (သတင်းစဉ်)

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများ စာပေဖတ်ရှုလေ့လာရေးအတွက် ဆွေးနွေးဟောပြော၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် မတ် ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ သွားရောက်လေ့လာ၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ခိုင် (မြတ်ခိုင်)၊ ဗဟိုအမှုဆောင် ဦးညွန့်တင်(မောင်ငြိမ်းသူ၊ ကြို့ပင်ကောက်)နှင့် စာပေပညာရှင်များ လိုက်ပါခဲ့ကြပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ အင်္ဂလုံး၊ ကမာပါ၊ ကြခတ်ကုန်း၊ တော်ကေး၊ တော်ခရမ်းအရှေ့၊ ကန်လျားရှည်ကျေးရွာများ၊ ကော့မှူးမြို့နယ်အတွင်းရှိ နတ်စင်ကုန်း၊ ပိန္နဲကုန်း၊ မန်ကျည်းကန်၊ ထမ္မနိုင်၊ မှော်တော၊ ခရိုက္ခနိ၊ ကျုံဒရယ်၊ သခွတ်ပင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေဖတ်ရှုလေ့လာရေးကိစ္စများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ ဒေါက်တာသန့်သော်ကောင်းနှင့် အကယ်ဒမီခန့်စည်သူတို့က ငွေကျပ် ၃၈၀၈၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၄၂၉၀နှင့် ငွေသားကျပ် ၃၅၀၀၀၀တို့ကို ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းကြသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဆိုပါလုပ်ငန်းများအတွက် အလှူငွေနှင့် စာအုပ်စာစောင်များကို လှူဒါန်းလိုပါက အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၃၇၁၃၄၂ နှင့် ၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ လှူဒါန်းသော ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများအသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရာသက်ပန်မျိုးဆက်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

မုံရွာ ဧပြီ ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ မြဝတီရပ်ကွက် ရာသက်ပန် မျိုးဆက်သစ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်း၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးအောင်ဝင်းဆွေနှင့် မြဝတီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းတို့က ရာသက်ပန် မျိုးဆက်သစ်စာကြည့်တိုက် အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေက သုတ/ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်၊စာစောင်များလှူဒါန်းရာစာကြည့်တိုက်ကော်မတီဝင် ဦးညိုက လက်ခံရယူသည်။

ယခုဖွင့်လှစ်သော စာကြည့်တိုက် အဆောက်အအုံသစ်မှာ အလျားပေ ၂၀၊ အနံ ၁၀ပေ၊ အမြင့် ၁၀ပေရှိ နံကပ်၊ သွပ်မိုး၊ သမံတလင်းခင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ပုဏ္ဏားကျွန်းမြို့ မောင်သာနိုးစာကြည့်တိုက်အတွက် စာအုပ်လှူဒါန်း၊ ငွေပဒေသာပင် စိုက်ထူ

ပုဏ္ဏားကျွန်း ဧပြီ ၁

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာ မောင်သာနိုး စာကြည့်တိုက်၏ (၄)ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲကို မတ် ၁၂ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းမြိုင်တို့က အမှာစကားပြောကြားပြီး ကျပ်ငါးသောင်းဖိုးရှိ စာအုပ်စာစောင်များကို လည်းကောင်း၊ ဦးဘလှိုင်(လက်ထောက်ပြည်/ဂျာ၊ ကပရ၊ တောင်ကြီး)က အလှူငွေကျပ်တစ်သိန်း၊ ဦးဘလှ (လက်ထောက်ညွှန်မှူး၊ နေပြည်တော်စည်ပင်)က အလှူငွေကျပ်ငါးသောင်း၊ ဦးမောင်သာနိုး (ပုဏ္ဏားကျွန်းမြို့)က အလှူငွေကျပ်သုံးသောင်းနှင့် မြို့နယ်အတွင်းရေးမှူး ဦးအောင်ရွှေဇံ၊ မြို့နယ်ပညာရေးမှူး ဒေါ်လှမေစော၊ မြို့နယ်စည်ပင်ဦးစီးအရာရှိ ဦးတင်မောင်နှင့် မြို့နယ် ထွေ/အုပ် ဒု-ဦးစီးမှူး ဦးသိန်းဇော်ဦးတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသာဒိုးအောင်၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမောင်ကျော်စိန်နှင့် စာကြည့်တိုက်မှူး ဒေါ်ညွန့်ရီတို့က လက်ခံရယူခဲ့ကြောင်းသိရသည်။**(အပေါ်ဝဲပုံ)** (မြို့နယ်ပြန်/ဆက်)

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဧပြီ ၁

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ(ပထမဆုရ) သောင်းညွန့်သစ် ရေးသားသည့် **"မြိုင်ယံလယ်က ဟတ္ထိဝင်္ကာ"** စာအုပ်ကို စာအုပ်အသင်း၏ အုပ် ၇၀ မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

❖ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲဆုရ စာပေပညာရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့အချိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပေါ်ထွက်လာသည့် အစိုးရသစ်၏ ဦးဆောင်မှုကို အလေးအနက်ခံယူပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို စတင်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည့် အချိန်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အနေဖြင့် လုပ်ငန်းများကို ပိုမိုရင်းနှီး၊ ဆက်စပ်၊ ပူးပေါင်း၊ ညှိနှိုင်းဆောင်ရွက်ကြရတော့မည်ဖြစ်ရာ ဤသည်မှာလည်း ထူးခြားလေးနက်မှု တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့သည် မူလသဘာဝကပင် လုပ်ငန်းသဘောအရ ဆက်စပ်မှု၊ ဆက်နွှယ်မှုရှိပါကြောင်း၊ ယင်းထူးခြားမှုနှင့်အတူ နှစ်ဖက်ပူးပေါင်းပြီး ပိုမိုတိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရတော့မည် ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ဌာနအသီးသီး၏ နှစ်ပတ်လည်နေ့ အခမ်းအနားများ ကျင်းပသည့်အခါ နှစ်ဟောင်းကိုသုံးသပ်ပြီး နှစ်သစ်တွင် ပိုမိုအောင်မြင်အောင် ဆောင်ရွက်ရန်နှင့်ကောင်းသော ယှဉ်ပြိုင်ခြင်းဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်(၂)ရပ်ထားရှိ ဆောင်ရွက်ပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များကို နှစ်စဉ်နှစ်တိုင်း မမေ့မလျော့ အောင်မြင်အောင် အကောင်အထည်ဖော် သွားရမည် ဖြစ်ပါကြောင်း၊နှစ်ဟောင်းက အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး နှစ်သစ်တွင် အားသာချက်များကို ပိုမိုအားသာလာအောင်နှင့် အားနည်းချက်များကို လျှော့နည်းသွားအောင် စီမံချက်ချမှတ်ပြီး မလွဲမသွေဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် Active, Dynamic နှင့် Initiative ဟူသည့် အချက်များနှင့် အညီ ကောင်းသော ယှဉ်ပြိုင်ခြင်းဖြင့် အပတ်တကုတ် ကြိုးပမ်းပျိုးထောင် ဆောင်ရွက်ကြမည်ဆိုပါက တစ်ဦးချင်း ပိုမိုတိုးတက်အောင်မြင်လာမည့်အပြင် ဌာနအတွက်လည်း တိုးတက်အောင်မြင် အကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဌာနအားလုံးမှဝန်ထမ်းများအနေဖြင့် နှစ်ပတ်လည်နေ့ ကျင်းပရာတွင် ထားရှိသည့် ရည်ရွယ်ချက်များနှင့်အညီ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၁၀-၂၀၁၁ ခုနှစ် လုပ်ငန်းတာဝန် (၁၂)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်မှုများအား သုံးသပ်ကြည့်ပါက အောင်အောင်မြင်မြင်နှင့် ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်များ ရှိသကဲ့သို့ အားနည်းချက် အချို့လည်း ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း။

မည်သို့ပင်ဖြစ်စေ ချမှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်များကို လာမည့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မလွဲမသွေအောင်မြင်အောင် အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် ၂၀၁၁-၂၀၁၂ ခုနှစ် လုပ်ငန်းတာဝန်များတွင် ထပ်တိုးတာဝန်အနေဖြင့် အခြေခံဥပဒေကို ကာကွယ် ထိန်းသိမ်းရေးအတွက် မီဒီယာနည်းဖြင့် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်အတွက် မီဒီယာနည်းဖြင့် အစွမ်းကုန်စည်းရုံးဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ထားပါကြောင်း။

ထို့ကြောင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်ရမည့် ၂၀၁၁-၂၀၁၂ ခုနှစ် ရည်မှန်းချက်တာဝန်များဖြစ်သည့်-

(၁) အခြေခံဥပဒေကို ကာကွယ် ထိန်းသိမ်းရေးအတွက် မီဒီယာနည်းဖြင့် ကြိုးပမ်းဆောင်ရွက်ရန်။

(၂) ခေတ်မီဖွံ့ဖြိုး တိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန်စည်းရုံး ဆောင်ရွက်ရန်။

(၃) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

(၄) ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပိုမိုကောင်းမွန်ပြီး Varieties စုံအောင် ထည့်သွင်းဖော်ပြရန်နှင့် ကျေးလက်အသွင်သဏ္ဌာန် မပျောက်ပျက်အောင်ဂရုပြုရန်၊ Prodution နှင့် Marketing ကို တိုးချဲ့ဆောင်ရွက်ရန်။

(၅) ကျေးရွာတိုင်း သတင်းစာ၊ စာနယ်ဇင်း အနည်းဆုံး တစ်စောင်စီ ရောက်အောင် စည်းရုံးဆောင်ရွက်ရန်။

(၆) ကျေးရွာတိုင်း ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးရရှိရေး စည်းရုံးဆောင်ရွက်ရန်။

(၇) အိမ်ထောင်စုတိုင်း ရေဒီယို တစ်လုံးရှိရေး စည်းရုံးဆောင်ရွက်ရန်။

(၈) ကျေးရွာတိုင်း၊ မြို့နယ်တိုင်းသို့ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် တစ်ညအိပ်၊ နှစ်ညအိပ် သွားရောက်ပြီး နယ်လှည့်လှုပ်ရှားမှု၊ လက်ကမ်းစာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဆောင်ရွက်ရန်။

(၉) ခရိုင်နှင့် မြို့နယ်ရုံးများ၏ မီဒီယာလုပ်ငန်းများ ထက်မြက်သွက်လက်ပြီး အရည်အသွေး မြင့်လာအောင် ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများသည် Pro- Government အဖြစ် အမှန်တကယ် Function ဖြစ်လာအောင် ဆောင်ရွက်ရန်။

(၁၀) ခရိုင်၊မြို့နယ်နှင့် မြို့နယ်ခွဲရုံးများသည် မိမိဒေသတွင်း ဖြစ်ပေါ်သည့် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး၊ သတင်းများကို သိရှိပြီး အချိန်နှင့်တစ်ပြေးညီသတင်းပေးပို့ရန် လိုအပ်သည့် တန်ပြန်မှုများ ဆောင်ရွက်ရန်။

(၁၁) အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသော မီဒီယာသမားကောင်းများ ဖြစ်လာအောင် လေ့ကျင့်ကြိုးပမ်းဆောင်ရွက်ရန်။

(၁၂) စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဖောက်ချလုပ်ကိုင်၍ ဝန်ထမ်းများသက်သာချောင်ချိရေး တိုးမြှင့်ဆောင်ရွက်ရန်။

(၁၃) မြန်မာ့မီဒီယာ လောကကို အမျိုးသား အကျိုးစီးပွားအပေါ် အခြေခံပြီး စစ်မှန်သောစတုတ္ထမဏ္ဍိုင် ဖြစ်ပေါ်လာရေးကြိုးပမ်းဆောင်ရွက်ရန်ဟူသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အစွမ်းကုန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

မိမိတို့ဝန်ထမ်းများအနေဖြင့် မိမိတို့၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အောင်မြင်အောင် ဝိုင်းဝန်းဖော်ဆောင် တည်ဆောက်ကြရန် လိုအပ်ပါကြောင်း၊ ရေမြင့်မှကြာတင့် ဆိုသကဲ့သို့ ရေနှင့်တူသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်နိုင်မှသာ ကြာနှင့်တူသောဝန်ထမ်းများ၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာ၌ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် သားရွှေအိုးထမ်းလာသည့်ကိန်းဆိုက်ရအောင် မိမိတို့ မီဒီယာသမားများကလည်း ချမှတ်ထားသည့် မီဒီယာလုပ်ငန်းတာဝန်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ရာ ဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်မှ ဒုတိယဦးစီးမှူး ဦးစိန်မြင့်နှင့် ရုံးချုပ်ထုတ်လုပ်ရေးဌာနခွဲမှ လုပ်သားမှူးဦးစိုးလှိုင်၊ ခရိုင်စံပြရုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်း)ခရိုင်ရုံးအတွက် ဆုကို ရန်ကုန်တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ဒုတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်ရုံးအတွက် ဆုကို ကျောက်ဆည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ခရိုင်စံပြရုံး ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်း) ခရိုင်ရုံးအတွက် ဆုကို ရန်ကုန်တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေထံ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့်
ဦးကျော်ဆန်း စံပြမြို့နယ်ရုံး ပထမဆုရ
မြို့နယ်ရုံးအတွက် ပထမဆုကို ရန်ကုန်
ဦးစီးအရာရှိ ဒေါ်မာမာဦးထံ ပေးအပ်ချီ

ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ ပထမဆုရ ဦး ရွှေ သိဏ်း (ရဲ ရင့် ကျော်) အား ဆုပေး အပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ဒို့ကျေးရွာဂျာနယ် အများဆုံးဖြန့်ချိနိုင်မှု ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပေးအပ်ချီ

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်
ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရသူအား ဆုပေ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း စံပြမြို့နယ်ရုံး ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ်ရုံးအတွက် ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်းခရိုင်) ဦးစီးအရာရှိ ဒေါ်မာမာဦးထံ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ရာ ဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်မှ ဒုတိယဦးစီးမှူး ဦးစိန်မြင့်နှင့် ရုံးချုပ်ထုတ်လုပ်ရေးဌာနခွဲမှ လုပ်သားမှူးဦးစိုးလှိုင်၊ ခရိုင်စံပြရုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်း)ခရိုင်ရုံးအတွက်ဆုကို ရန်ကုန်တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ဒုတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်ရုံးအတွက် ဆုကို ကျောက်ဆည်ခရိုင်ရုံးမှ ဒုတိယဦးစီးမှူးဒေါ်စပယ်နှင့် တတိယဆုရရှိသည့် မူဆယ်ခရိုင်ရုံးအတွက် ဆုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်း၊ စံပြမြို့နယ်ရုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရုံးအတွက် ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး (အရှေ့ပိုင်း) ခရိုင် ဦးစီးအရာရှိ ဒေါ်မာမာဦး၊ ဒုတိယဆုရရှိသည့် ကျိုက်ထိုမြို့နယ်ရုံးအတွက်ဆုကို မွန်ပြည်နယ် လ/ထ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် တတိယဆုရရှိသည့် ပုသိမ်ကြီးမြို့နယ်ရုံးအတွက် ဆုကို ပုသိမ်ကြီးမြို့နယ်ရုံးမှ ရုပ်သံကျွမ်းကျင်-၃ ဒေါ်ခင်နှင်းဆီတို့အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် "အဖေက ရေးတတ်ဖတ်တတ် အမေက ကြက်ခြေခတ်" စာမူဖြင့် ပထမဆုရ ဦးရွှေသိဏ်း(ရဲရင့်ကျော်)၊ "သစ္စာလေနုအေး" စာမူဖြင့် ဒုတိယဆုရ ဦးမြင့်သိန်း(ထွန်းနိုင်)နှင့် "အေးမြသောလေပြည်၊ မွှေးပျံ့သောရနံ့နှင့် တောက်ပသော အနာဂတ်များ" စာမူဖြင့် တတိယဆုရ ဒေါ်နုနုသိန်း(သိမ့်-စီးပွားရေးတက္ကသိုလ်)၊ စံ(၅)ရပ်နှင့် ညီညွတ်သော ကျေးရွာစာကြည့်တိုက် ပထမဆုရ ကျုံပျော်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မိုးမြင့်၊ ဒုတိယဆုရ စဉ့်ကူးမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်တင်တင်နုနှင့် တတိယဆုရ ကန်ကြီးထောင့်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ရုံးစာကြည့်တိုက်တွင် စာအုပ်၊စာစောင် တိုးပွားရေးဆောင်ရွက်နိုင်မှုဆု ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား လည်းကောင်း၊ ကျေးရွာများသို့ သတင်းစာအများဆုံး ဖြန့်ချိနိုင်မှု ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား လည်းကောင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်း(၂၅၂၅)ဦးတို့အတွက် ဂုဏ်ပြုငွေများကို ရုံးချုပ်စီမံရေးရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်မောင်အား ပေးအပ်သည်။

ဖြန့်ချိနိုင်မှုဆု

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဒို့ကျေးရွာဂျာနယ် အများဆုံးဖြန့်ချိနိုင်မှု ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ မီဒီယာမှ ပြည်သူများသို့ အသိပေးနိုင်မှု ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ ငွေစာရင်းစီမံခန့်ခွဲနိုင်မှု ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာပေထူးချွန်ဆု

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က စာပေထူးချွန်ဆုရရှိကြသူများအား လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများအား လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက ဌာနခွဲအလိုက် စံပြဆုရရှိကြသူများအား လည်းကောင်း၊ နှစ်တိုနှစ်ရှည် စားပင်နှင့် ရာသီအလိုက်သီးနှံများ စိုက်ပျိုးနိုင်မှုဆု၊ တစ်နိုင်မွေးမြူရေးဆု၊ ကျေးရွာစာကြည့်တိုက်များ ဖောင်ဒေးရှင်း Logo ဒီဇိုင်းဆု၊ ပညာရေးထူးချွန်ဆု ရရှိကြသူများနှင့် အားကစားထူးချွန်ဆုရရှိကြသူတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ခန်းမအတွင်း ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ခန်းမအတွင်း ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အစုန်အထူးရထား(၂)သည် နေပြည်တော်မှ နံနက် ၇ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်သည်။

သင်္ကြန်လွန်ကာလအတွက် ဧပြီ ၁၇ ရက်တွင် အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့ လည်းကောင်း၊ ဧပြီ ၁၈ ရက်တွင် အထူးရထား(၁)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း၊ အထူးရထား(၂)သည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့လည်းကောင်း၊ ဧပြီ ၁၉ ရက်တွင် အထူးရထား(၂)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း အထက်ဖော်ပြပါ ရန်ကုန်နှင့် မန္တလေးမှ ထွက်ခွာမည့် အချိန်များအတိုင်း ပြေးဆွဲသွားမည်ဖြစ်သည်။

အလားတူ နေပြည်တော်မှ ဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများအတွက် ရန်ကုန်မှ နေပြည်တော်ခရီးစဉ်အဖြစ် လက်ရှိအမှတ်(၃၁)အဆန်၊ အမှတ်(၇)အဆန် အမြန်ရထား(၂)စင်းအပြင် နောက်ထပ် အထူးရထားနှစ်စင်းကို ဧပြီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပြေးဆွဲပေးမည်ဖြစ်ရာ အဆန် အထူးရထား(၁)သည် ရန်ကုန်မှ နံနက် ၁၀ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ ည ၇ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အဆန် အထူးရထား(၂)သည် ရန်ကုန်မှ နံနက် ၁၀ နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်သို့ ည ၈ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်သည်။

အထက်ပါ ရန်ကုန်-မန္တလေး သင်္ကြန်အထူး(အစုန်/အဆန်)ရထားများကို ပဲခူး၊တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်ပြီး နေပြည်တော်-ရန်ကုန်အထူး(အစုန်/အဆန်)ရထားများကို တောင်ငူ၊ပဲခူး၊ တိုးကြောင်ကလေးဘူတာများတွင် ရပ်တန့်သွားမည်ဖြစ်သည်။ သင်္ကြန်ကာလအတွင်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ အဆိုပါ အထူးရထားများ ပြေးဆွဲခြင်းကို ရပ်နားထားမည်ဖြစ်ရာ ခရီးသွားပြည်သူများ အချိန်မီသိရှိစေရန် ကြိုတင်အသိပေး ကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၁၁ (စနေနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ "ဗောဇ္ဈင်္ဂသုတ်"တရားတော် အပိုင်း(၁၀) (ဆရာတော်အရှင်ပညာ သီဟာဘိဝံသ)
၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၁)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၉)**
၈:၄၅ April Music Show(Part-1)
၉:၃၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀ မြိုင်ပရဟိတကျောင်းတိုက်၏ သီလရှင်အပါး(၅၀၀)ဝတ်ပွဲ
၁၀:၁၀ Activities In The City (ကမ္ဘာ့ကျောက်ကပ်နေ့ အထိမ်းအမှတ်အခမ်းအနား)
၁၀:၂၅ ခါသင်္ကြန်အဆိုအကများ
၁၀:၄၅ သွားမယ်စားမယ် (MYA SABEI)
၁၁:၁၀ VJ Choise
၁၁:၃၅ ပန်းချီပြခန်း (ဟသ်ာပန်းချီပြခန်း၏ ၁၀နှစ်မြောက်နှစ်ပတ်လည်ပြပွဲ)
၁၁:၅၀ ပညာအလင်းနှင့် ယုံကြည်မှုတို့ အပ်နှင်းရာ. . . ပြင်ဦးလွင်စိုးစံမှာ
၁၂:၀၅ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
၁၂:၂၅ စက္ကန့်တိုင်းအသက်ဝင်စေဖို့
၁၂:၃၅ ကောင်းဂုဏ်ပျံ့သင်းပုညမဥ္ဇရီ စာတော်ပြန်အသင်း
၁:၀၀ "ဗောဇ္ဈင်္ဂသုတ်"တရားတော် အပိုင်း(၁၀) (ဆရာတော်အရှင်ပညာ သီဟာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးဌေးဝင်း) (အပိုင်း-၄)
၂:၅၀ ခါသင်္ကြန်အဆိုအကများ
၃:၀၅ နေသားတကျအရေပြားအလှ "ဝက်ခြံနဲ့အရေးအကြောင်း ကင်းတဲ့ချစ်စရာ့မျက်နှာ"
၃:၁၅ ခရီးပျော်တို့လမ်းညွှန်ရာ (မြို့ရွှေနေပြည်တော်) (အပိုင်း-၂)
၃:၃၅ မျှော်လင့်ခြင်းရဲ့ အလင်းရောင်သစ်
၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၉)**
၄:၅၀ MISS EUSHIDO 2011 ၏ ပြိုင်ပွဲဝင်အကြိုပြင်ဆင်မှုများ
၅:၁၀ ဖက်ရှင်လမ်းညွှန် (Cover Girl)
၅:၃၀ ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၅)
၆:၀၀ MRTV-4 သတင်း
၆:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၂)**
၇:၁၅ April Music Show(Part-2)
၈:၀၀ MRTV-4 သတင်း
၈:၂၅ Barclays Premier League (Stoke City Vs Chelsea)
၁၀:၂၅ Kid's Show
၁၀:၅၅ Barclays Premier League (Arsenal Vs Blackburn)
၁၂:၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၀)**
၁:၄၀ လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်. . .
၁:၅၀ တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၂:၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရမြန်မာ့တိုင်းရင်း အလှမွေးငါးများ)
၂:၂၀ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၂:၃၀ အတုအပကင်းစင်ဖို့ 3D Hologram သုံးကြစို့
၂:၅၀ World of Knowledge (Strange Days on Planet Earth)
၃:၄၀ ရေဆန်စီးတဲ့မြစ်
၄:၁၀ လယ်တီသာသနာ လယ်တီကျောက်စာ
၄:၄၀ မမေ့နိုင်ပါပြီ. . . ကမ္ဘောဇအလှဌာနီ
၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆:၁၀	WestHam	-	Man U	ESPN (Live)
၈:၂၅	Westbromwich	-	Liverpool	ESPN (Live)
	Stoke City	-	Chelsea	STAR SPORTS (Live)
၁၀:၅၅	Arsenal	-	Blackburn	ESPN (Live)
၁၁:၀၀	Birmingham	-	Bolton	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိအဆင့် ဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိအဆင့် ဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိအဆင့် ဘဏ်လုပ်ငန်း သင်တန်း အမှတ်စဉ် (၁/ ၂၀၁၁) သင်တန်းဆင်းပွဲတွင် ပထမဆုရ လုံခြုံရေးဌာနမှ ဦးစီးမှူး ဒေါ်ချိုချိုဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အစီအစဉ်အရ ဝန်ကြီး ဦးလှထွန်းက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်စီးပွားဖွံ့ဖြိုးမှုတွင် အရေးပါသောဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများ အစဉ်ထိရောက်ထက်မြက်စေရန် အရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးရည်ရွယ်ပြီး မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်း ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ၊ နိုင်ငံတကာဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများကို လိုက်လျောညီထွေစွာ အသုံးချနိုင်ရေး ကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ ဌာနအလိုက် ကဏ္ဍအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးခြင်းနှင့် သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်ကြရန် ဖြစ်ကြောင်း ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးလှထွန်းသည် သင်တန်းတွင် ပထမဆုရ လုံခြုံရေးဌာနမှ ဦးစီးမှူး ဒေါ်ချိုချိုဝင်း၊ ဒုတိယဆုရ စီမံခန့်ခွဲရေးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးကြူနှင့် တတိယဆုရ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနမှ ဦးစီးမှူး ဒေါ်စောစောထွေးတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သုတေသနအရာရှိ ဒေါ်ခင်မိမိအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိအဆင့် ဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ် (၁/၂၀၁၁)တွင် သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးသည် ရက်သတ္တ ခုနစ်ပတ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ပညာဗဟုသုတများကို လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြက်ခြေနီနှင့် မီးသတ်အခြေခံသင်တန်းဆင်းပွဲ ကြည့်မြင်တိုင်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၁

ကြည့်မြင်တိုင်မြို့နယ် အခြေခံကြက်ခြေနီ ရှေးဦးပြုစုခြင်းသင်တန်းနှင့် အကြို အခြေခံမီးသတ်ပညာသင်တန်း အဖွဲ့(၁) ဆင်းပွဲအခမ်းအနားကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးဟောင်း အပေါ်ထပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကြက်ခြေနီဘာသာရပ် ထူးချွန်ဆု၊ အကြို အခြေခံမီးသတ်ဘာသာရပ် ထူးချွန်ဆု၊ လက်နက်မဲ့စစ်ရေးပြဘာသာရပ် ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူတို့က အသီးသီးချီးမြှင့်ကြသည်။

ဆက်လက်၍ ကြက်ခြေနီ ရှေးဦးပြုစုခြင်းသင်တန်းနှင့် အကြိုအခြေခံမီးသတ်ပညာသင်တန်း အဖွဲ့(၂)ဆင်းပွဲကို ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းအလတ်ချောင်းကျေးရွာရှိ တွဲဖက်အလယ်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

(၅၄၆)

Chigo Air-con ရုံးချုပ်၊ Show Room နှင့် Service Center နေရာပြောင်းရွှေ့ဖွင့်လှစ်ပွဲ ကျင်းပ

MCG Co., Ltd. (Chigo Air-Con မိသားစု)ရုံးချုပ် Show Room နှင့် Service Center နေရာပြောင်းရွှေ့ဖွင့်လှစ်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၁

MCG Co., Ltd. (Chigo Air-con မိသားစု) ၏ ရုံးချုပ်၊ Show Room နှင့် Service Center နေရာပြောင်းရွှေ့ဖွင့်လှစ်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း အမှတ် (၂၀၂/A) ၌ ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ အလုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် MCG Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်စွာမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

MCG Co., Ltd. သည် Chigo Air-con တစ်မျိုးတည်းကိုသာ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တရားဝင် တင်သွင်း ဖြန့်ချိလျက်ရှိသည်။ MCG Co., Ltd.သည် သုံးစွဲသူ Customer များအတွက် New Model Air-con အမျိုးမျိုးကို မကြာမီ တင်သွင်းဖြန့်ချိရောင်းချသွားမည်ဖြစ်သည်။

Chigo Air-con မျိုးစုံကို ဝယ်ယူလိုပါက အမှတ် (၂၀၂/A) အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၀၅၀၆၀၊ ၂၁၆၂၄၄၊ ၂၂၇၀၃၄၊ ၀၉-၈၆၂၂၃၂ နှင့် Fax ၀၁-၂၂၇၀၃၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၄-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၄၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	ခါသကြ်န်အဆိုအကများ
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀	၃။	နိုင်ငံတော်သီချင်း
၁၁း၁၅	၄။	အဖွင့်သီချင်း
၁၁း၂၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၅	၆။	ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး(အပိုင်း-၄၃)
၁၂း၀၀	၇။	**ရုပ်မြင်သံကြားဇာတ်လမ်း -ထင်တော့ထင်သားပဲ (ကျော်ရဲအောင်၊ မေကဗျာ၊ အေးမြတ်သူ) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
၁း၃၀	၈။	ခါသကြ်န်အဆိုအကများ
၂း၀၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၅၄)**
၂း၅၅	၁၀။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၇	၃။	နိုင်ငံတော်သီချင်း
၄း၁၃	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၃	၇။	မြန်မာသံစဉ်
၄း၄၀	၈။	ချစ်သူစုံတွဲတူယှဉ်နွှဲ
၄း၅၀	၉။	ကုန်သွယ်သုတ
၄း၅၅	၁၀။	မီးသတိပေးနှိုးဆော်ချက်
၅း၁၀	၁၁။	ခါသကြ်န်အဆိုအကများ
၅း၃၀	၁၂။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၅။	စားဖိုဆောင်ချစ်သူ
၆း၅၀	၁၆။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာခစ်အိမ် (အပိုင်း-၇)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	လူရွှင်တော်စကား
	၂၃။	လျှပ်တစ်ပြက်
	၂၄။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၆)**
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၄၁)**
	၂၇။	သင့်အတွက်မနက်ဖြန်
	၂၈။	အပိတ်နှုတ်ဆက်စကား
	၂၉။	ပြီးပါပြီ။

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

အင်ပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အင်ဂျင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားမှုကို တာဝန်ရှိသူများ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထားမလုံဈေး(ကျေးလက်ဈေး) မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေဂါလန် ၅၀၀၀ဆံ့ မြေစိုက်ရေလှောင်ကန် တည်ဆောက်ထားမှုကို တာဝန်ရှိသူများ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၁၂ ရက်က ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး တောင်တွင်းကြီးမြို့နယ် မြို့ရေပေးရေးလုပ်ငန်းများ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှုနှင့် ဆိုင်ခန်းမီးဘေးလုံခြုံရေး မီးလိုင်းများ ဆောင်ရွက်ထားရှိမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကြေးမုံသတင်းစာတိုက်(ရန်ကုန်) ရှိ ဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော

ရန်ကုန် ဧပြီ ၁

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ရုံးခွဲ(၇)ရန်ကုန်မှ ရုံးခွဲတာဝန်ခံ ဦးစိန်သန်းမြင့်၊ စစ်ဆေးရေးမှူး ဒေါ်ခင်ချိုဝင်းနှင့် ပုဇွန်တောင်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ ဆေးခန်းမှ တာဝန်ခံဆရာဝန်ဒေါက်တာဥမ္မာနှင့် ဆေးဘက်ဝန်ထမ်းများ၏ ကျန်းမာရေးဟောပြောပွဲကို မတ် ၃၁ရက် နံနက်ပိုင်းတွင် ပုဇွန်တောင်မြို့နယ်ရှိ ကြေးမုံသတင်းစာတိုက်(ရန်ကုန်)၌ ကျင်းပရာ အခမ်းအနားသို့ ကြေးမုံသတင်းစာတိုက်မှ ဝန်ထမ်းများ တက်ရောက်ကြပြီး ဆေးဘက်ဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို ဟောပြောကြကာ ဟောပြောပွဲ အပြီးတွင် ကြေးမုံသတင်းစာတိုက်မှ ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးပြီး လိုအပ်သည့်ဆေးဝါးကုသမှု လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

ကျန်းမာရေးဝန်ထမ်းများက ကြေးမုံသတင်းစာတိုက်မှ ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပြီး လိုအပ်သည့် ဆေးဝါးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြစဉ်။ (ကြေးမုံ)

မတ်ပဲများပေါ် နွေစပါးစိုက်ပျိုး

ဇီးကုန်း ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ဇီးကုန်းမြို့နယ်၌ ၂၀၁၀-၂၀၁၁ ခုနှစ် လယ်ယာကဏ္ဍစီးပွားရေးတွင် မြို့နယ်၏ ဦးဆောင်မှုဖြင့် မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြေစာရင်းဦးစီးဌာနတို့က ကြီးကြပ်၍ မြို့နယ်အတွင်း ဆောင်းသီးနှံအဖြစ် မတ်ပဲ ၂၅၁၁၄ ဧကအား ကျေးရွာအုပ်စု ၃၁ အုပ်စုတို့က စိုက်ပျိုးကြရာ မတ်ပဲများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် မတ်ပဲများ ရင့်မှည့်ပြီဖြစ်၍ ပဲဦးများအား ရိတ်သိမ်းခြွေလှေ့ခဲ့ပြီးဖြစ်သည်။ အဆိုပါ မတ်ပဲများအား အဝယ်ဒိုင်များက တစ်တင်းလျှင် ငွေကျပ် ၂၂၇၅၀ ဈေးဖြင့် ဝယ်ယူလျက်ရှိသည်။

ထို့နောက် မြို့နယ်အတွင်း နွေစပါးဧက ၁၁၅၀၀ ကိုလည်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၂၈၉)

နေပြည်တော်-ရန်ကုန် လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေး လမ်းပိုင်း၌ သင်္ကြန်အထူးရထား အစုန်/အဆန် နှစ်စင်းစီ ပြေးဆွဲမည့်အစီအစဉ်ကို ခရီးသွားပြည်သူများ အချိန်မီသိရှိနိုင်ရန် မြန်မာ့မီးရထားက ကြိုတင်အသိပေးကြေညာထား

နေပြည်တော် ဧပြီ ၁

သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် သင်္ကြန်အထူးရထားနှစ်စင်းစီ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၇ ရက်တွင် သင်္ကြန်အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ နံနက် ၄ နာရီခွဲတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ထိုနေ့ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ သင်္ကြန်အထူးရထား(၂)သည် မန္တလေးဘူတာမှ နံနက် ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ထိုနေ့ည ၇ နာရီတွင် လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

အဆိုပါ အထူးရထားနှစ်စင်းသည် ဧပြီ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်-မန္တလေး အစုန်/အဆန် ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း နေပြည်တော်မှ ဝန်ထမ်းများနှင့် မိသားစုများ အပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လက်ရှိ နေပြည်တော်-ရန်ကုန် ပြေးဆွဲနေသော အမှတ်(၃၂)အစုန်၊ အမှတ်(၈)အစုန် အမြန်ရထား နှစ်စင်းအပြင် အဆိုပါ အထူးရထားနှစ်စင်းကို ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နေပြည်တော်-ရန်ကုန် ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ရာ အစုန်အထူးရထား(၁)သည် နေပြည်တော်မှ နံနက် ၆ နာရီခွဲတွင်

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖